**ASPGB ၏ အစုရှယ်ယာများအားခွဲခြမ်းခြင်း (Share Split) ပြုလုပ်မည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ခြင်း**

ရက်စွဲ။၂၀၂၆ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

၁။ ဂျီဘီအက်(စ်)လယ်ယာဝန်ဆောင်မှုလုပ်ငန်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့သည် အစုရှယ်ယာ များအား ခွဲခြမ်းခြင်း (Share Split) ပြုလုပ်သွားရန် အဆိုပြုချက်အား ၂၀၂၆ခုနှစ်၊ ဇူလိုင်လ(၁၁) ရက်နေ့တွင် ကျင်းပပြီးခဲ့သော ASPGB ၏ အထူးအထွေထွေအစည်းအဝေးတွင် တင်ပြခဲ့ရာ အစုရှယ်ယာရှင်များမှ သဘောတူ ဆုံးဖြတ်ခဲ့ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ ရှယ်ယာခွဲခြမ်းခြင်း (Share Split)နှင့် စပ်လျဉ်း၍ အစုရှယ်ယာအရောင်းအဝယ်များ ရပ်ဆိုင်းထားခြင်းမရှိဘဲ ပုံမှန်အတိုင်းရောင်းဝယ်ခြင်းအား ဆက်လက်ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

၃။ အစုရှယ်ယာ ခွဲခြမ်းပြီးနောက် G.B.S Agricultural Services Public Co., Ltd.၏ ထုတ်ဝေပြီးသော အစုရှယ်ယာစုစုပေါင်းမှာ (၃,၅၂၇,၆၁၂) စု မှ (၇၀,၅၅၂,၂၄၀) စု သို့ လည်းကောင်း၊ အစုရှယ်ယာတစ်စုချင်းစီ၏ ကနဦး သတ်မှတ်တန်ဖိုး (Nominal Value) မှာလည်း ကျပ် ၁၀,၀၀၀/-(ကျပ်တစ်သောင်း) မှ ကျပ် ၅၀၀/-(ကျပ်ငါးရာ)သို့ လည်းကောင်း ပြောင်းလဲသွားမည်ဖြစ်ပါသည်။ အစုရှယ်ယာရှင်များသည် မိမိတို့ပိုင်ဆိုင်ထားသည့် မူလအစုရှယ်ယာ ၁စုလျှင် အစုရှယ်ယာ၂၀စု(၁:၂၀) အချိုးဖြင့်ရရှိခံစားရမည်ဖြစ်ပါသည်။ ဇွန်လ (၅) ရက်နေ့တွင် ကြေငြာခဲ့သည့် Dividend ကျပ် ၅၀၀ သည် ကနဦး သတ်မှတ်တန်ဖိုး (Nominal Value) ၁၀,၀၀၀/-(ကျပ်တစ်သောင်း) အပေါ်တွင် သတ်မှတ်ထားခြင်းဖြစ်ပါသည်။

၄။ အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ အရေးကြီးသော နေ့ရက်များအား အစုရှယ်ယာရှင်များအနေဖြင့် သိရှိနိုင်ပါရန် အောက်ပါအတိုင်းတင်ပြပါသည်-

| | |
|---|---|
| ရှယ်ယာအရောင်းအဝယ် ပြုလုပ်ရမည့် နောက်ဆုံးရက်<br>Last Day to Trade for pre-split shares | ၂၄-၇-၂၀၂၆ |
| ရှယ်ယာခွဲခြမ်းပြီး အခြေအနေဖြင့် အရောင်းအဝယ်ပြုလုပ်မည့်နေ့<br>Ex-Date (Effective Date) | ၂၇-၇-၂၀၂၆ |
| ရှယ်ယာခွဲခြမ်းပေးဝေရန် မှတ်တမ်းယူမည့်နေ့<br>R Date (Record Date for pre-split) | ၃၀-၇-၂၀၂၆ |
| ရှယ်ယာခွဲခြမ်းပေးဝေမည့်နေ့<br>R+1 Date (Split Payable date) | ၃၁-၇-၂၀၂၆ |

၅။ ရန်ကုန်စတော့အိတ်ချိန်းမှ အစုရှယ်ယာရောင်းဝယ်မှုနှင့် ဆက်စပ်သည့် လုပ်ငန်းစဉ်များအား ဆက်လက် အသိပေးကြေငြာသွားမည်ဖြစ်ပါသည်။

11.7.2026

ဦးကျော်မြဟန်
မန်နေးဂျင်းဒါရိုက်တာ